# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
# အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
# ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)
# မဟာဘွဲ့သင်တန်းများအတွက် သင်တန်းသားများခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန လက်အောက်ရှိ ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၂၄) ရက်နေ့မှ စတင်၍ မဟာကွန်ပျူတာသိပ္ပံဘွဲ့(M.C.Sc.)၊ မဟာကွန်ပျူတာနည်းပညာဘွဲ့(M.C.Tech.)၊ မဟာသုတသိပ္ပံဘွဲ့(M.I.Sc.) နှင့် မဟာအသုံးချသိပ္ပံဘွဲ့(M.A.Sc.) သင်တန်းများကို ဖွင့်လှစ်သင်ကြားမည် ဖြစ်ပါသည်။

၂။ မဟာဘွဲ့သင်တန်းများသည် အချိန်ပြည့်သင်တန်းများဖြစ်ပြီး မဟာဘွဲ့ကြို (Course Work) သင်တန်းအတွက် (၁)နှစ် နှင့် သုတေသနကျမ်းပြုသင်တန်းအတွက် အများဆုံး(၂)နှစ်၊ စုစုပေါင်း (၃)နှစ်သင်တန်းဖြစ်ပါသည်။

၃။ လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူ ဖြစ်ရပါမည်။

(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) M.C.Sc./M.C.Tech. မဟာဘွဲ့သင်တန်းများသို့ တက်ရောက်ရန် B.C.Sc./B.C.Tech. ဘွဲ့ရရှိပြီး မဟာဘွဲ့သင်တန်းများသို့ တက်ရောက်ရန် အဆင့်မီသူများဖြစ်ရပါမည်။

(ဂ) သင်တန်းသို့အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ပြီး သင်တန်းစည်းကမ်းချက်များကို လိုက်နာနိုင်သူဖြစ်ရပါမည်။

(ဃ) ဝန်ကြီးဌာနများမှတစ်ဆက်တည်းလုပ်သက်(၂)နှစ်ပြည့်ပြီးလက်ရှိတာဝန်ထမ်းဆောင်နေသည့် ဆရာ/ဆရာမများ၊ ဝန်ထမ်းများသည် B.C.Sc.(Hons.)/B.C.Tech.(Hons.)/B.C.Sc./B.C.Tech. ဘွဲ့သင်တန်းတွင် တတိယတန်းဖြင့် အောင်မြင်ထားပါက ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲစစ်ဆေး၍ သက်ဆိုင်ရာမဟာဘွဲ့သင်တန်းအသီးသီးသို့ တက်ရောက်ခွင့် ရရှိမည်ဖြစ်ပါသည်။

(င) ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရပါမည်။ ပြစ်မှုကင်းရှင်းရပါမည်။

(စ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာတက္ကသိုလ်/ဌာနနှင့် သက်ဆိုင်ရာဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်ဖြစ်ပါသည်။

၄။ လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်းနှင့်မိတ္တူ)၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံနှင့် မဟာကွန်ပျူတာသိပ္ပံဘွဲ့/မဟာကွန်ပျူတာနည်းပညာဘွဲ့ သင်တန်းများသို့ တက်ရောက်ရန် အဆင့်မီသူများဖြစ်ကြောင်း အောင်မြင်ခဲ့သော ကွန်ပျူတာတက္ကသိုလ်များမှ ထောက်ခံစာ(သို့မဟုတ်) အောင်လက်မှတ်အထောက်အထား (မူရင်း/မိတ္တူ)တို့ကို ပူးတွဲတင်ပြရပါမည်။

၅။ မဟာဘွဲ့ သင်တန်းများသို့ တက်ရောက်ခွင့် လျှောက်ထားသည့် လျှောက်လွှာများကို ၅-၁၁-၂၀၂၅ (ဗုဒ္ဓဟူး)နေ့မှ စတင်၍ထုတ်ပေးမည်ဖြစ်ပြီး ၁၃-၁၁-၂၀၂၅ (ကြာသပတေး)နေ့ နောက်ဆုံးထား၍ ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)သို့ ပေးပို့လျှောက်ထားရမည်။ လျှောက်လွှာပါအချက်အလက်များကို စိစစ်ပြီးမှန်ကန်ပါက မဟာတန်းတက်ရောက်ခွင့်/ ဝင်ခွင့်ဖြေဆိုခွင့် ပြုပါမည်။ ဝင်ခွင့်စာမေးပွဲ ဖြေဆိုရမည့်သူများကို (၁၃-၁၁-၂၀၂၅)နေ့တွင် စာမေးပွဲ ဖြေဆိုခွင့်ကတ်ပြား စတင်ထုတ်ပေးပါမည်။

၆။ ဝင်ခွင့်ဖြေဆိုရမည့်သူများအတွက် အရည်အချင်းစစ် ရေးဖြေစာမေးပွဲအား ကွန်ပျူတာတက္ကသိုလ် (တောင်ငူ)တွင် အောက်ပါအစီအစဉ်အတိုင်းကျင်းပမည် ဖြစ်ပါသည်။

| နေ့စွဲ | ဘာသာရပ် | အချိန် | နေရာ |
|---|---|---|---|
| ၁၇-၁၁-၂၀၂၅ (တနင်္လာနေ့) | အင်္ဂလိပ်စာ | နံနက်(၉)နာရီမှ (၁၂)နာရီအထိ | ကွန်ပျူတာတက္ကသိုလ် (တောင်ငူ) |
| ၁၈-၁၁-၂၀၂၅ (အင်္ဂါနေ့) | သက်ဆိုင်ရာဘာသာရပ် | နံနက်(၉)နာရီမှ (၁၂)နာရီအထိ | |

၇။ ဝင်ခွင့်စာမေးပွဲ ဖြေဆိုရန်လာရောက်သည့်အခါ မိမိ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)နှင့် စာမေးပွဲ ဖြေဆိုခွင့်ကတ်ပြား တို့ကို တပါတည်း ယူဆောင်လာရပါမည်။

၈။ သင်တန်းအတွက် လူတွေ့စစ်ဆေးခံရမည့် အမည်စာရင်းကို (၁၉-၁၁-၂၀၂၅) ဗုဒ္ဓဟူးနေ့တွင် ထုတ်ပြန်ပေးမည်ဖြစ်ပြီး လူတွေ့စစ်ဆေးခြင်းကို (၂၀-၁၁-၂၀၂၅) ကြာသပတေးနေ့တွင် ကွန်ပျူတာတက္ကသိုလ် (တောင်ငူ)တွင် ပြုလုပ်ပါမည်။

၉။ ဝင်ခွင့်အောင်စာရင်းအား(၂၁-၁၁-၂၀၂၅)နေ့တွင် ထုတ်ပြန်ကြေညာပြီး (၂၄-၁၁-၂၀၂၅) နေ့တွင် သင်တန်း စတင်ဖွင့်လှစ်ပါမည်။

၁၀။ အသေးစိတ် သိရှိလိုသည်များရှိပါက ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)၊ သင်တန်းရေးရာဌာန၊ ဖုန်း ၀၉-၃၃၆၀၆၀၆၆ သို့ ရုံးချိန်အတွင်း တိုက်ရိုက်ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

သင်တန်းရေးရာဌာန

ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)